

မြမုလိုခင်
ချစ်သူဝင့်ထွေး
ဒုတိယပိုင်း

# အပိုင်း (၄)

## အိပ်မက်မြို့တော်၏ အလယ်၌

### အခန်း (၁)

၁၉၉၃- ဩဂုတ်လ (၁၃) ရက်

အိမ်သို့ မပြန်ချင်ရှာကြဘူး ထင်ပါသည် ။ Night Pass ပြန်ရန် ဆရာမများ သည် တပ်ခွဲရုံးရှေ့၌ ကြိုတင်ကာ စုရုံးရောက်ရှိ၍ ကားကို မျှော်နေကြလေပြီ။

ဘွားဘွားကို ဖုန်းဆက်ပြီးသားဖြစ်၍ လှည်းတန်းဂိတ်၌ လာကြိုလိမ့်မည်ကို ခင်သစ္စာ စိတ်ချယုံကြည်လျက်ရှိသည် ။

'ခင့်ကို လာကြိုမှာ လား'

'အင်း လာကြိုမှာ ပေါ့ ဖုန်းဆက်ထားတာပဲ'

ဖုန်းဆက်ခွင့်ရှိခြင်းက ဆက်သွယ်ရေးအတွက် အင်မတန်အဆင်ပြေလေသည် ။ မိုးကလည်း ဖွဲဖွဲလေးရွာသွန်းနေသဖြင့် ထီးဆောင်းထားရသည် ။

ဆက်သွယ်ရေး ရုံးကလေးထဲတွင် မိုးခိုရင်း ကားကိုစောင့်ရသည် ။ ‘ ဆွေးနွေးချက်’ ကို ပေါ့ပေါ့ပါးပါးပင် နှစ်ကြိမ်တိတိ ဖြေဆိုခဲ့ရသည် ။ ‘ စာမေးပွဲ’ ကဲ့သို့ ကြောက်လန့်စရာမကောင်းပါ။ အေးအေးလူလူပင် မေးမေးစမ်းစမ်း၊ တွေးတွေးဆဆဖြင့် သင်ကြားပြီး ဘာသာရပ်လေးမျိုး တစ်ကြိမ်နှင့် နှစ်ကြိမ် ဖြေခဲ့ရသဖြင့် ရှစ်ဘာသာဖြေဆိုပြီး ဖြစ်ခဲ့သည် ။

ဤမွမ်းမံသင်တန်းသည် ပညာတတ်ပြီးသား၊ အသိဉာဏ် ဗဟု သုတကြွယ်ဝပြီးသား သူများအား ပညာရှိ သတိဖြစ်ခဲဆိုသလို ဖြစ်မှာ စိုး၍ အတတ်အသိတို့ ကို ပြန်လည် နွေးပေးခြင်း၊ မေ့လျော့နေသည် တို့ ကို ဉာဏ်သစ်လောင်းပေးခြင်းသာ ဖြစ်သည် ။

လူငယ်များ ၏ မီးရှူးရှေ့ဆောင်လမ်းပြဖြစ်သော ဆရာဆရာမများသည် အနာဂတ်နိုင်ငံတော် တည်ဆောက်မှုတွင် အရေးကြီးသော အခန်းကဏ္ဍ၌ ပါဝင်နေသည် ကို လူတိုင်းအသိပင် ဖြစ်သည် ။

‘ဆရာထက် တပည့်ပိုတော်ရမယ်’ ဤခံယူချက်ကို အာစရိယဂိုဏ်းဝင် ဆရာ ဆရာမတိုင်း ခံယူကျင့်သုံးသင့်သည် ။

‘ဟော လာပြီ’

ခင်ခင်ထွေးအသံကြောင့် ဝမ်းသာသွားသည် ။

သို့သော်...

လမ်းမတော်စုရပ်သို့ သွားမည့်ကားများ အရင်ထွက်ခွာခြင်းဖြစ်သဖြင့် ခင်သစ္စာတို့ ပြန်လည် ငြိမ်သက်လိုက်ရသည် ။

ရန်ကုန်တိုင်းမှ ဆရာ၊ ဆရာမများ သည် အပြန်အတွက် တာဝန်တစ်ရပ် ပါ လာလေသည် ။

‘ကျောင်းဆင်းကပွဲအတွက် လိုအပ်သော အဝတ်အစားများ ၊ အသုံး

အဆောင်များ ယူလာကြရန်’ ဖြစ်သည်။

တိုင်းနယ်ပြည်နယ်မှ မိတ်ဆွေများ အတွက်လည်း ခင်သစ္စာ၌ လူမှုရေးတာဝန်တစ်ရပ် ပါလာသည်။

တစ်ရပ်က ယခုတပ်ခွဲ (၃) မှာ တက်ရောက်နေသူလည်း ဖြစ်သော တောင်ငူဆရာအတတ်သင်တက်စဉ်မှ သင်တန်းဖော်လည်း ဖြစ်သော၊ ဘီအီးဒီဘွဲ့ တစ်နှစ်သင်တန်း တက်ရောက်စဉ်မှ သင်တန်းဖော်လည်း ဖြစ်သော ပဲခူးတိုင်း ဖြူးအထက (၁)မှ ဆရာမအပျိုကြီး ဒေါ်ခင်မြဝင်းသည် အိမ်သို့အလည်လိုက်လာမည်ဖြစ်ပြီး..

နောက်တာဝန်က ဤအိပ်မက်မြို့တော်သို့ ရောက်ပြီးမှ ခင်မင်သွားသူဖြစ်သော မိမိတို့ အမျိုးသမီးတပ်ခွဲ (၁၀) ပင်မဆောင်ဘက်မှ ရောဂတီတိုင်း မြောင်းမြမြို့မှ ဆရာမဒေါ်ခင်မြင့်နိုင်အတွက် ပိုးချိတ်လုံချည်များ ယူလာပေးရန်ဖြစ်သည်။

‘ခင်’

‘အင်’

‘ချိတ်ဂတ်ကြမှာ လား’

‘ဟုတ်တယ် ခင်နဲ့ မြတ်နဲ့ က ပန်းရောင်တဲ့ ပဝါပါယူခဲ့ရမှာ ’

‘အင်း ခင့်မှာ ရှိရဲ့ လား’

‘ရှိပါတယ်’

အနီးကပ်သူငယ်ချင်းအတွက်လည်း လိုအပ်သည် ကို ဖြည့်ဆည်းပေးရန် မေးရခြင်း ဖြစ်သည်။

‘ဟော သည် တစ်ခါတော့ တကယ် လာပြီ’

သုံးနာရီမှ ကားများ ရောက်လာသည် ။ တပ်ခွဲ (၃) နှင့် (၄) မှ ကြိုခဲ့ပြီးဖြစ်သည် ။ ဒေါ်ခင်မြဝင်းပါလာမှာ ပါဟု စိတ်အေးစွာဖြင့် ကား နံပါတ် (၁) ပေါ်သို့ တက်လိုက်သည် ။

ကားများ တရွေ့ရွေ့ ထွက် လာပြီး ရုံးချုပ်ရှေ့၌ ရပ်နားလေသည် ။ အမျိုးသားတပ်ခွဲ၊ အမျိုးသမီးတပ်ခွဲ (၅) နှင့် ပုံမှန်သင်တန်းမှ ကားများ ကို စောင့်ရသည် ။

ယာဉ်ထိန်းရဲများ ၏ ဦးဆောင်မှု၊ လမ်းရှင်းပေးမှုဖြင့် သွားရမည်ဖြစ် ရာ တစ်စုတစ်ဝေးတည်း သွားမှ ဖြစ်ပေမည်။

အိမ်ပြန်ချင်စိတ်သည် လူတိုင်း၏ ရင်၌ ရှိနေလေသည် ။ မိခင်များ ဆိုလျှင် ဘယ်လောက်ပြန်ချင်ဇော ကပ်နေမည်နည်း။

ရူပါဟု ခေါ်သည့် ဆရာမ ဒေါ်ကြည်ကြည်ခင်ဆိုလျှင် ဆယ်လသား သားလေးကို ထားခဲ့ပြီး လာခဲ့သည် ။ 'အလှည့်ကျ မန္တလေးစတမ်း' ဟု ခံယူ ထားသည် ။ ငြင်းပယ်ရမှာ ကို 'ခိုကပ်သူ' ဟု ထင်မှာ စိုးသည် တဲ့ ။

ကားဂိတ်ရောက်မှ အစ်မတစ်ဝမ်းကွဲ အိုဗာဖော်တီဖိုက်နှင့် ဆုံကာ အံ့အားသင့် ဝမ်းသာရသည် ။ ကံကြမ္မာ၏ ဆုံဆည်းမှုက အံ့သြဖွယ်ရာ ကောင်းလွန်းလှသည် ။ အဆောင်ရောက်တော့လည်း ခုတင်ချင်းကပ်လျ က် ဖြစ်နေသည် ကို အားလုံး အံ့သြရသည် ။

'ရူပါ သားလေးနဲ့ တွေ့ရမှာ မို့လို့ ပျော်နေပြီလား'

'အင်း.. ဒါပေမဲ့ ရှိလဲ အမေလက်ပေါ်မှာ မဟုတ်ဘူး ၊ ကျောင်းသွားရ င် ယောက္ခမတွေ၊ ယောက်မတွေ ထိန်းပေးထားလို့ သိပ်မသိသာလှပါ ဘူး၊ ဒါပေမဲ့ သားက အမေ့ကို မှတ်မိနေတယ်'

ကားပေါ်၌ ရောက်တတ်ရာရာလေးတွေ တစ်ယောက်တစ်ပေါက်နှင့်

ပြောဆိုကြသည် ။

ဌာနချုပ်ရှေ့မှ လေးနာရီမှ ထွက်ဖြစ်သည် ။ ဒုက္ခပါပဲ၊ လာစောင့်နေသူများ စိတ်မရှည်၍ ပြန်သွားလျှင် အဝတ်ဟောင်းအိတ်နှင့် ဖောင်ကြီး၏ နာမည်ကြီးမျှစ်ချဉ် နှစ်ပိဿာထုပ်၊ ကောက်ညှင်းထုပ်များ နှင့် မနိုင်မနင်းဖြစ်ကာ ဒုက္ခရောက်ပေလိမ့်မည်။ အချို့ဆိုလျှင် တံမြက်စည်းများပါသေးသည် ။

ဗဟိုဂုန်ထမ်းတက္ကသိုလ်ဂုန်းမှ ထွက်ခွာ လာပြီးနောက် ငမိုးရိပ်ဆည်တည်ဆောက်မှုကြောင့် ရေလွှဲလမ်းပြင်ဆင်မှုတွင် လိုအပ်သောလမ်းသစ်များ ပြင်ဆင်နေသည် ။

ထိုနေရာ၌ မြေနီလမ်းများ မြေဖို့ ထားသည် ။ လမ်းလုပ်ဖို့ လည်း အချိန်မရွေး လုပ်အားပြည့်ပေးနေသည် ။ သို့သော် မိုးတွင်းကာလမို့ ဖြစ်ခြင်းကြောင့် ထိုမြေနီတို့ သည် စေးကာသွားသည် ။

‘လွတ်ပ့ါမလား’

‘ရပ့ါမလား၊ ဆင်းရမလား’

ဆရာမများ ၏ စိုးရိမ်မကင်းသံတို့ ထွက်ပေါ်လာသည် ။ ဆရာမများဆိုတော့လည်း ပါးစပ်မှ ပြောရဆိုရမည်ကို နှုတ်မနေးတတ်သဖြင့် တစ်ယောက်တစ်ပေါက်သံများ ညံသွားသည် ။

ကောင်းကင်က လင်းလင်းထင်းထင်း ရှိသည် ။ သို့သော် သူရွာသွန်းပြီးသောမိုးကြောင့် ရွှံ့ဖြစ်နေသော မြေကြီးတို့ သည် ကားကိုဆွဲထားရာ ကားထိုးရပ်သွားသည် ။

‘မရတော့ဘူး’

‘ဆရာမများ ဆင်းလျှောက်ပေးကြပါ’

'စောစောကတည်းက ဆင်းလျှောက်ပေးပါ့မယ်လို့ ပြောပြီးသား၊ ခု တော့ ခရီးဖင့်ပြီ'

'မိုးချုပ်ပါပြီ၊ ကြိုတဲ့ လူတွေမစောင့်ရင် ဒုက္ခရောက်တော့မှာ ပဲ'

စကားသံများ သည် ကားပေါ်မှ ဆင်းရင်းလည်း ပျံ့လွင့်နေသည် ။

တံတားဆောက်နေရာ မြေနီလမ်းမှ သည် ကျောက်ခင်းလမ်း ကတ္တ ရာဆီသို့ လျှောက်သွားရာ နောက်ကားမှ လျှောက်လာသူများ နှင့် ဆုံဆ ည်းသည် ။

'ဟယ်.. ခင်သစ္စာ'

မျက်နှာကိုတော့ မှတ်မိသလိုလိုရှိသည် ။ သို့သော် နာမည်ကိုတော့ စ ဉ်းစား၍ မရသဖြင့်..

'ဒီသင်တန်းမှာ ပါလာတယ်လား၊ အခုမှ တွေ့တယ်နော်'

ဟု ဝါးချလိုက်ရသည် ။ တစ်ပြိုင်နက် ဒေါ်ခင်မြဝင်းကတည်း နော က်ကား၌ ပါလာသဖြင့် စကားလာပြောရင်း ကားများ အလာကို စောင့်ကြရသည် ။

ရှေ့ကားနှံ့နစ်ပြီဆိုတော့လည်း နောက်ကားများ လည်း လာ၍ မရ။ တံတားတည်ဆောက်ရာမှ ကရိန်းနဲ့ ဆွဲကာ တင်ရလေသည် ။

တော်သေးသည် ။ နာရီဝက်အကြာတွင် ကားပေါ်ပြန်တက်ကာ ခရီး ဆက်ကြသည် ။

သို့သော် ဖောင်ကြီးမြို့ထဲရောက်ပြီးနောက် နောက်ကားမှာ ငါးစီးမြောက်တွင် အဆက်အသွယ်ပြတ်နေသဖြင့် ရပ်စောင့်နေရပြန်သ ည် ။

ဘယ်ကိုသွားသွား အများ နှင့်ဖြစ်ခြင်းကြောင့် ညီညွတ်ရသည် ။ စိတ်ရှည်ရသည် ။ အပေါ့အပါး သွားချင်လာကြသည် ။ မိုးတွင်းခရီးသွားရတာ မလွယ်ကူပေ။ အန္တရာယ်ဆိုသည် မှာ လွယ်ထား၍ ကောင်းသောအရာမဟုတ်ပေ။

ထိုနားမှ အိမ်ရှင်ကိုခွင့်တောင်းကာ မရှိမဖြစ် အလွန်လိုအပ်သော တပည့်များ နောက်ပြောင်ခေါ်သော 'မိသားစုယိုစုံ' နေရာသို့ ပြေးကြရသည် ။

ရေလောင်းအိမ်သာသည် သေသေသပ်သပ် သန့်သန့်ရှင်းရှင်းရှိသည် ။ ခေတ်မီသည် ။

'လာ ဆရာမတို့ ၊ ရေနွေးသောက်ဦး'

တယ်ဟုတ်ပါလားဟု ချစ်စရာမြန်မာ့ဓလေ့ကို မြတ်နိုးခုံမင်နှစ်သက်စွာဖြင့် ဒါနမြောက်စေရေးအတွက် ခြေတံရှည်အိမ်၏ အောက်ထပ် မြေသံမံသလင်းခင်းကွပ်ပျစ်၌ တည်ခင်းသောရေနွေးကို သောက်လိုက်မိသည် ။

'ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်'

'ရပါတယ် သောက်ကြပါ'

မိမိတို့ အုပ်စု စလိုက်မိသည် နှင့် နောက်ကားမှ လည်း ဆင်းလာကြသည် ။

'ရေလိုသလား၊ အိမ်သာထဲ ရေဖြည့်ပါဦးဟဲ့'

အိမ်ရှင်အဒေါ်ကြီးက သမီးဖြစ်သူအား လှမ်းအော်ပြောလိုက်သေးသည် ။ သို့သော် ထိုသို့ပြောစရာပင်မလို၊ သမီးဖြစ်သူက ရေဆွဲကာ ဖြည့်ပေးလေသည် ။

စေတနာသဒ္ဓါ ကြည်ဖြူ၍ လည်း မသိ ရေနွေးကြမ်းက လက်ဖက်ခြောက်နဲ့လေး သင်းပျံ့ကာ သောက်၍ အရသာရှိလေသည် ။

‘ရှီ..’

‘အဲ..’

‘လုပ်ပါ ဆရာမတို့ ၊ စောင့်မှာ ပါ’

စောင့်မှာ ပါဟု ဆိုသော်လည်း အများ နှင့် လုပ်ဆောင်ရသောနေရာ တွင် ကိုယ့်အတွက် အများကို မထိခိုက်စေရပါ။

ကျေးဇူးတင်စကားပြောပြီး မိမိတို့ ကားရှိရာသို့ သုတ်ခြေတင် ပြေးရ လေသည် ။ ရေနွေးသောက်နေသူ မိမိတို့ က တော်သေးသည် ။ အိမ်သာ ရှေ့ တန်းစီသူများ ပြန်ပြေးလာခြင်းအပေါ် စာနာစိတ်များ ဖြင့် ကား၏ ခေါ်ဆောင်ရာသို့ လိုက်ပါလာရသည် ။

လှည်းတန်းစုရပ်သည် ပြည်လမ်း လှည်းတန်းမီးပွိုင့်နားမရောက်ခင် ကြက်ဆင်မုန့်တိုက်ရှေ့ ရပ်သည် ။

ကြိုသူအများ လည်း စုရုံးရောက်ရှိနေကြသည် ။ ခုနစ်နာရီအမှောင် သည် ကြိုသူများကို မသဲကွဲသဖြင့် ခင်သစ္စာ စိတ်ဓာတ်ကျသွားသည် ။

‘သစ္စာ’

‘ဟယ်.. အနိုင် လေးလေးကော’

‘ငါးနာရီလောက်က လာစောင့်သေးတယ်၊ ပထမအသုတ်မှာ ပါမလာတော့ စိတ်ပူပြီး ကိုယ့်ကို ဖုန်းဆက်တာနဲ့ ကိုယ်လာစောင့်နေပေးတာ’

‘ဪ…’

‘ လာလေ ပစ္စည်းဒါပဲလား’

ထုံးစံအတိုင်း သူ့တပည့်ကျော်က ခင်သစ္စာလက်မှ အထုပ်ကို ဆွဲပြီး သား ဖြစ်နေသည် ။ ဒေါ်ခင်မြဝင်းရှိရာကို ရှာဖွေနေမိသော ခင်သစ္စာ အား လင်းထက်နိုင်က ဆော်ဩလိုက်သည် ။

‘နေဦးအနိုင် သစ္စာအိမ်လိုက်မယ့် ဆရာမကို ရှာနေတာ’

ဟူးခနဲ သက်ပြင်းချသံကို ကြားလိုက်ရသဖြင့် ခင်သစ္စာအတွက် အ ထူးအဆန်း ဖြစ်သွားသည် ။ လင်းထက်နိုင်ကို အင်မတန် စိတ်ရှည်သူအဖြစ် မှတ်ယူထားခဲ့မိခြင်းသည် မှားယွင်းသွားလေပြီ။

‘စောင့်ရတာကြာလို့ စိတ်မရှည်တော့ဘူးလား အနိုင်’

‘မျှော်လင့်ချက်နဲ့ စောင့်မျှော်ခြင်းဆိုတာ ကိုယ့်အတွက် အရည်ထူနေ ပါပြီ’

‘ဟောဟိုမှာ မမဝင်း မမဝင်းရေ သည် မှာ ’

မခင်မြဝင်းက မိမိတို့ ကားရှိရာသို့ လျှောက်လာသည် ။

‘တော်ပါသေးရဲ့ မေ့ပြီးများ ထားသွားသလားလို့ ’

‘ဩော် မဝင်းနှယ် ဩ့သည် တစ်ယောက်လုံးများ မေ့ပြီး ထားသွားပ့ါမလား’

‘မသိနိုင်ဘူးလေ’

‘သည် မှာ အနိုင် လာကြိုနေတယ်’

လင်းထက်နိုင်အပေါ် ကျေနပ်မှုလေးများ နှင့်အတူ ဒေါ်ခင်မြဝင်းနှင့် မိတ်ဆက်ပေးပြီး ကားပေါ်တက်ကာ လိုက်ခဲ့ကြသည် ။

ဘွားဘွားနှင့် လေးလေးက စိုးရိမ်တကြီး စောင့်ဆိုင်းနေကြသည် ။

‘ လာပြီ လာပြီ နောက်ကျလိုက်တာ’

ဘွားဘွား၏ ဂမ်းသာအားရ အသံသည် ကား ဇက်သံကို ဖောက်ထွင်းကာ နားတွင်းသို့ ဂင်လာသည် ။

လင်းထက်နိုင်၏ ဒရိုင်ဘာနှင့် မိသန်းက အထုပ်အပိုးများကို ချပေးသည် ။

‘ကားဘီးရွှံ့နစ်နေလို့ ဘွားဘွားရဲ့ ’

‘မိုးချုပ်လို့ ဘွားဘွားက စိတ်ပူပြီး မောင်မင်းဒင်ကိုတောင် ဖုန်းဆက်ပြီး မေးလိုက်သေးတယ်’

‘သူ့များ သွားအားကိုးလို့ ဘာပြောသေးသလဲ’

‘စိတ်မပူပါနဲ့ ရောက်လာမှာ တဲ့ လေ’

‘ကိုယ်ပြန်မယ် သစ္စာ’

‘ကျေးဇူးပဲနော် အနိုင်’

‘ရပါတယ် ဆရာမ ခွင့်ပြုပါဦး’

‘ကောင်းပါပြီ’

သို့နှင့် ရေချိုး ထမင်းစား စကားတပြောပြော ရှိကြစဉ်…

‘ဩော် သမီး မနက်ဖြန်တော့ မောင်ရဲနောင်ကို သွားကြည့်လိုက်ဦးမှ ဖြစ်မယ်’

‘ဟင် ဘာဖြစ်လို့ လဲ ဘွားဘွား’

‘အစာအိမ်ရောင်လို့ ပါရဂူဆေးခန်းမှာ တက်နေတယ်’

‘ဟုတ်လား စိုးရိမ်ရသလား’

‘စိုးတော့ မစိုးရိမ်ရဘူးထင်တာပါပဲ’

‘မနက်ဖြန်တော့ သွားကြည့်လိုက်ဦးမှ ’

‘အစားအသောက် မမှန်ဘဲ လက်ဖက်ရည်ကိုသာ အာဟာရအနေဖြင့် မှီဝဲတတ်သော ဦးရဲနောင်ကို စိုးရိမ်မကင်း ဖြစ်မိသည် ။

‘စိုးရိမ်ခြင်းသည် သံယောဇဉ်လား၊ သံယောဇဉ်သည် ချစ်ခြင်းမေတ္တာတရား၏ နှောင်ဖွဲ့ခြင်းအစလေလားဟု အိပ်ရာဝင်တော့ နဖူးပေါ်လက်တင်ကာ စဉ်းစားမိလေသည် ။

ဦးရဲနောင်အပေါ် စိုးရိမ်မကင်းဖြစ်မိခြင်းသည် အဘယ်ကြောင့်နည်း ။

အချစ်ကို ဦးစားပေးသင့်သလား၊ ဦးနှောက်ကို သုံးသင့်သလား၊ သူချစ်ကို ရှာရမည်လား၊ ကိုယ်ချစ်ကို ရှာရမည်လား။ ဘာချစ်သူကို ရှာရမည်လဲ။

******

# အခန်း (၂)

‘ဆရာ နေကောင်းသွားပြီလား’

‘ဟင် ဒေါ်သစ္စာပါလား၊ စိတ်ထဲမှာ တော့ ထင်နေသားပဲ လာများ လာမလားလို့ ’

ခင်သစ္စာကို မြင်လျှင်မြင်ချင်း ဦးရဲနောင် မျက်နှာဝင်းပသွားလေသည် ။ မျှော်လင့်ချက်သည် လူတစ်ယောက်တွင် အားဆေးတစ်ခွက် ထင်ပါသည် ။

‘အေးလေကွယ် အနောင် ဘွားဘွားလဲ သတင်းကြားကြားချင်း လာမလို့ ပါပဲ ဒါပေမဲ့ မသစ္စာကလဲ မရှိတော့ ဘွားဘွားရဲ့ ခြေနင်းစကြာ ပျောက်သလိုဖြစ်နေတယ် ဘယ်မလဲ မစိန်ရီ’

‘ရှိတယ်၊ လာ လာ မရွှေမြရေ ကျုပ် သည် မှာ လက်ဖက်အသားလေး နှပ်နေတာ’

ဦးရဲနောင်၏ အဘွားက ဘွားဘွားကို လာရောက်ခေါ်ငင်သွားသော အခါ ဘွားလွှားလည်း လိုက်ပါသွားလေသည် ။

‘မြေးတို့ စကားပြောကြဦး’ ဟု ပြောသွားသေးသည် ။

‘ခုလို လာသတင်းမေးတာ ဝမ်းသာပါတယ် ဒေါ်သစ္စာ’

‘မိတ်ဆွေတွေလေ ဦးရဲနောင် လူမှုရေးအရ သတင်းမေးရမှာ ပေါ့၊

ဘယ်လိုဖြစ်တာလဲ ခွဲရစိတ်ရသေးလား'

'ခွဲစိတ်တဲ့ အဆင့်တော့ မရောက်ပါဘူး၊ ဒါပေမဲ့ ထပ်ဖြစ်ရင်တော့ ခွဲတန်ခွဲရလိမ့်မယ်လို့ ပြောပါတယ်၊ ခုတော့ သောက်ဆေးပဲ ပေးထားတယ်'

'သောက်ဆေးနဲ့ ပျောက်သွားရင် အတိုင်းထက်အလွန်ပေါ့ ဆရာရယ်'

'ဖြစ်ခါစက သွေးလေးပုလင်းလောက် သွင်းလိုက်ရသေးတယ်'

'လက်ဖက်ရည်ကြီးပဲ မသောက်နဲ့ ပေါ့ ဆရာရယ်၊ အစာပျော့ပျော့လေးကို မှန်မှန်စားပေးရင် ဝေဒနာ မကြာရှည်ပါဘူး'

'ကျေးဇူးတင်ပါတယ်'

'ကျူရှင်တွေ နားထားရမှာ ပေါ့'

'အင်း ကျောင်းကို ဆေးခွင့်တင်လိုက်လို့ ရတယ်၊ ကျူရှင်ကတော့ နောက်သုံးလေးရက်နေရင် ပြန်စမှ ဖြစ်လိမ့်မယ်'

'ဘာဖြစ်လို့ လဲ နားလိုက်ပါလား ဆရာရယ်'

'မဖြစ်ဘူး ဒေါ်သစ္စာ၊ ကျူရှင်ဆရာတွေရဲ့ ဘဝကို ဒေါ်သစ္စာ မသင်ဘူးတော့ နားလည်မှာ မဟုတ်ဘူး '

'ဆရာကလည်း ကျန်းမာရေးထက် ဘာများ အရေးကြီးဦးမှာ လဲ'

'ကျန်းမာရေးအတွက် ငွေက အရေးကြီးနေတယ် ဒေါ်သစ္စာ၊ ငွေ မရှိရင် ရောဂါပျောက်ဖို့ တောင် တော်တော်ခဲယဉ်းသလို ဖြစ်နေတယ်၊ ဆေးရုံမှာ ဆိုရင် ဆေးထိုးအပ်က ဝယ်နေရတာပဲ။ ဂွမ်းပတ်တီးလဲ ဝယ်ရနဲ့ ၊ ဘာဆေးများ အလကားရတာ ရှိလို့ လဲ၊ ဒီတော့ ကျန်းမာရေးအတွ

က်လဲ ငွေဟာ မရှိမဖြစ် လိုအပ်နေသလို ဖြစ်နေတယ်၊ ဒီတော့ ကျွန် တော်လည်း ငွေကုန်မယ့်အတူတူ ပုဂ္ဂလိကဆေးခန်းမှာ ပဲ တက်လိုက် တော့ စိတ်တော့ နည်းနည်းချမ်းသာသွားတာပေ့ါလေ’

‘ငွေဆိုတာ လူတွေရဲ့ သည်းခြေကြိုက်ဆိုတော့လဲ လာဘ်ပေးသူနဲ့ ယူသူ ကြည်ဖြူနေသရွေ့တော့ ငွေရှိသူအတွက် ပြေလည်ပြီး ငွေမရှိသူ အတွက် ဒုက္ခရောက်ရတာပေ့ါ’ ဒါပေမဲ့ ကျွန်မကြားဖူးတာက တကယ် ဆင်းရဲပြီး ငွေကြေးမတတ်နိုင်သူတွေကိုတော့ အခမဲ့ ကုသပေးတယ်ဆို’

‘ဟုတ်မှာ ပေ့ါလေ၊ ဒါပေမဲ့ ကြားသိရသရွေ့ကတော့ ဆေးဖယ်ခိုင်း တာပဲ’

‘ဆရာ.. ဆရာ’

‘လာ ကစ္စနာ’

ကစ္စနာ တစ်ယောက်တည်း မဟုတ်ချေ။ သူတို့ အတန်းထဲမှ ကောင် ကလေး ပါသေးသည် ။ သူငယ်ချင်းတွေတဲ့ ၊ သူငယ်ချင်းဆိုသော ယော က်ျားလေးနှင့် နှစ်ယောက်ထဲ လာရဲသော မိန်းကောင်ပေါက်အရွယ်တပ ည့်ကို အံ့အားသင့်နေသည် ။

ကောင်ကလေး၏ မျက်နှာ နီရဲရဲနှင့် ရှုံ့သိုးသိုးနှင့် ဖြစ်နေရာ…

‘ဘာဖြစ်တာလဲ မင်းသားက..’

‘မီးကို စိတ်ကောက်နေတာ ဆရာ’

ဆရာ ဦးရဲနောင်ကလည်း တပည့်များ အပေါ် အရေးတယူ ရှိလေသ ည် ။ ခင်သစ္စာ၏ စိတ်ထဲ၌ တော့ ‘ဘုရားတ’ မိသည် ။ ဘယ်လိုလဲ ရိုးရိုး တန်းတန်း သူငယ်ချင်းမှ ဟုတ်ပါလေစ။

‘ကောက်ရင်လဲ နောက်မှ ချော့တော့၊ ဒီမှာ ဧည့်သည် ရောက်နေတယ်၊ ကစ္စနာတို့ ကျောင်းက ဆရာမပဲလေ’

‘မီး သိပါတယ်၊ ဆရာမကို မီး မြင်ဖူးတယ်’

ရန်ကုန်မြို့ကြီး၌ ဆရာမလုပ်ရသည့် အကျိုးကျေးဇူးပင် ဖြစ်သည် ။ ကိုယ့်အတန်းမှ တပည့်များ သည် အတန်းတင်စာမေးပွဲ အောင်မြင်ပြီး အတန်းတစ်တန်းသို့ တက်သွားသည် နှင့် ပြီးခဲ့သောနှစ်မှ ဆရာမများကို မေ့ပျောက်သွားလေသည် ။ ခလုတ်တိုက်မသွားလျှင်တောင် ကံကောင်း၍ ကျေးဇူးတင်ရမည်။

သူတို့ ၏ လိုအင်ဆန္ဒ၊ လူမှုရေးကိစ္စများကိုပါ လိုက်လျောမှုတွေ လိုက်နေနိုင်သော ဆရာ ဆရာမမျိုးကိုသာ အထင်ကြီးကြသည် ။ သူတို့ ပါတီတက်လျှင် လိုက်တက်နိုင်မှ ၊ သူတို့ ၏ သရုပ်ပျက် ဝတ်စားဆင်ယင်မှုနှင့် သရုပ်ပျက်အကများကို လက်ခုပ်လက်ဝါးတီးပြီး အားပေးနိုင်သော ဆရာမျိုး၊ ဖန်တီးပေးနိုင်သော ဆရာမျိုး၊ သူတို့ စာမေးပွဲအောင်မြင်ရေးကို သက်တောင့်သက်သာနှင့် မေးခွန်းများ ကြိုပေးကာ အောင်မြင်စေသော ဆရာမျိုးကိုသာ အထင်ကြီးကြ၊ ကိုးကွယ် ဆည်းကပ်ကြသည် ။ ကျန် ဆရာ၊ ဆရာမများကို ဖုတ်လေသည့်ငါးပိ ရှိသည် ဟု မထင်၊ မအောက်မေ့ပါချေ။

‘ဘွားဘွားတို့ ဆီ သွားဦးမယ်’

‘ရပါတယ်၊ ကိုင်း ဖြေစရာရှိတာ ဖြေကြ၊ စာကြည့်ခန်းထဲမှာ ရှိတယ်၊ နောက်ကျရင် ဖြေရမှာ မဟုတ်ဘူး နော်၊ ဘယ်သူ့မွေးနေ့ရှိလို့ ဘယ်သွားနေလို့ ဆင်ခြေမရဘူး၊ သွားဖြေ၊ ခိုးလဲမချနဲ့ ဦး’

‘စိတ်ချ စုစုအောင့်အောင့်ဆီကလည်း မကြည့်ချင်ပါဘူး’

ကစ္စနာ၏ အပြောကို ကောင်ကလေးက မကျေမနပ်နှင့် ကြည့်ပြီး ဆောင့်ကြွားကြွားနှင့် ကြိမ်းလိုက်ကာ ခြားထားပေးသော ရှေ့ခန်းထောင့်တစ်နေရာသို့ ဝင်သွားကြသည် ။

ခင်သစ္စာ၏ ရင်ထဲ ပူလောင်သွားသည် ။ မိန်းကလေးအတွက် ရင်ပူသွားသည် ။ ရိုးရိုးတန်းတန်း ခင်တွယ်ကြခြင်းမှ ဟုတ်ပါလေစ။

'ကျွန်တော့်ဝိုင်းက စာမေးပွဲ ခဏခဏ စစ်ပေးတယ်'

'သူတို့ ကျောင်းမနေကြတော့ဘူးနော်၊ ဒီနှစ်မှ ဆယ်တန်းရောက်ကြတာ မဟုတ်လား'

'နေပါတယ်၊ ဒေါ်သစ္စာတို့ ကျောင်းကပဲလေ၊ ဖောင်တင်ထားတယ်၊ ဖြေကာနီးမှ ကတ်ထုတ်ပြီး ဖြေကြတယ်လေ၊ ရန်ကုန်ကျောင်းတွေရဲ့ ထုံးစံလို ဖြစ်နေတယ်'

'ဟင်း.. အဲဒါ ဘယ်ကာလတုန်းက စတင်ခဲ့တဲ့ အလေ့အထ ဖြစ်နေမှန်းကို မသိဘူးနော်၊ သစ္စာတို့ ခေတ်တုန်းက ဒီလောက်မဆိုးရွားဘူး၊ ကျောင်းခေါ်ချိန် ခုနစ်ဆယ့်ငါးရာခိုင်နှုန်း မပြည့်ရင် ဖြေခွင့် မပေးဘူးလေ၊ ခုတော့ နားလည်မှုနဲ့ ပဲ ဖြေနေကြတယ် ထင်တယ်'

'ကဲပါ ဒေါ်ခင်သစ္စာရယ်၊ ကျောင်းအကြောင်း အသာထားပါဦး၊ နေထိုင်ရေး အဆင်ပြေရဲ့ လား'

'ပြေပါတယ်၊ စည်းကမ်းနဲ့ နေထိုင်သွားလာရတာဟာ စည်းကမ်းနဲ့ နေတတ်သူတွေအတွက်တော့ ဘာမှ စိတ်ကျဉ်းကျပ်စရာ မရှိပါဘူး၊ အချို့ အိမ်ထောင်ရှင် ဆရာမတွေဆိုရင် အပမ်းဖြေခရီး ထွက်သလိုပဲလို့တောင် ပြောနေကြသေးတယ်'

'ဟုတ်လား'

'တယ်လီဖေးရှင်းတွေ ရိုက်ထားပြီး အိပ်နေတဲ့ သူ၊ နားမထောင်တဲ့ သူတွေကို အရေးယူတယ်ဆို'

ခင်သစ္စာက ရယ်လိုက်မိသည်။

'ဘာရယ်တာလဲ'

'ကိုယ်တိုင် တက်ကြည့်ပါလေ၊ အစာအိမ်ရောဂါရှိတယ်ဆိုတဲ့ သစ္စာ သူငယ်ချင်းတောင် ဆေးသောက်စရာမလိုဘဲ သစ္စာထက်တောင် ပေါ့ပါး နေသေးတယ်'

'တယ်ဟုတ်ပါလား၊ စစ်ရေးပြကော မရှိဘူးလား'

'သဘောတရားလောက်ပါပဲ၊ သက်သာပါတယ်'

'ပီတီကကော'

'မိုးတွင်းဖြစ်လို့ လား မသိဘူး၊ ပီတီကို ပြည့်ပြည့်ဝဝ နှစ်ချိန်လောက် ပဲ လုပ်လိုက်ရတယ်၊ မပင်ပန်းပါဘူး၊ ချွေးစိုရုံလောက်ပဲ ရှိတယ်၊ ဆရာ ဘယ်တော့တက်မလဲ'

'ပင်ပန်းတာ မပင်ပန်းတာတော့ အကြောင်းမဟုတ်ပါဘူး၊ ကိုယ်က ကျူရှင်တွေကို ပစ်မထားနိုင်သေးဘူးလေ'

'ဆရာ့ကျောင်းက တယ်ဟုတ်ပါလား၊ ခုထက်ထိ မတက်ရသေးဘူး နော်'

'ကျောင်းမှာ ကျွန်တော် မရှိရင် မဖြစ်လို့ ပါ'

သြော်... ဦးရဲနောင်သည် ကျောင်း၌ သူမရှိလျှင် မဖြစ်တော့သလိုလို၊ သူပဲမရှိလျှင် ကျောင်းသည် ပျက်စီးတော့မလိုလို၊ ကျောင်းကိုမှီ၍ ရိုက် စားလုပ်နေသော ဆရာအမျိုးအစားတွင် ပါဝင်နေသည်။ အမှန်တကယ်

တော့ ကျောင်း၌ ကြောင်သူတော် ကြွက်သူခိုးများ ရှိသည် ။

'အူမ မတောင့်၍ သီလမစောင့်နိုင်ဟု ဆိုရုံမျှမကဘဲ အူမဖောင်းကားအောင် ကျောင်းသားများ ၏ အနာဂတ်ကို ဖျက်ဆီးနေသော ဆရာမျိုးတွေရှိနေသရွေ့ နောင်အနာဂတ်၌ အတတ်ပညာရှင် အသိပညာရှင်များ ပေါ်ပေါက်လာနိုင်ပါမည်လား'

အနာဂတ်တိုင်းပြည်အရေးအတွက် ပညာသည် အဓိကမဟုတ်ပါ၊ ငွေသည် သာ အဓိကဟူသော အယူအဆ အစွဲအလမ်းရှိနေသရွေ့တော့ အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များ ပေါ်ပေါက်လာနိုင်ပါ့မလား၊ အနာဂတ်တိုင်းပြည် လှပနိုင်ပါ့မလား။

ခင်သစ္စာတို့လို ဆရာ ဆရာမများ ၏ လက်၌ နောင်လူငယ်များ ၏ အနာဂတ်များ စွာ ရှိလေသည် ။

'ပညာရွှေအိုး လူမခိုး' 'ပညာဂုဏ်ရောင် ထွန်းလင်းပြောင်' 'ပညာရဲရင့် ပွဲလယ်တင့်' စသောဆောင်ပုဒ်များ သည် မှေးမှိန်နေပေပြီလား။

ခင်သစ္စာ သက်ပြင်းချလိုက်သည် ။

'အစားအသောက်ရော'

'အဆင်ပြေပါတယ်၊ ထမင်းတစ်ခါတစ်ရံ မာတာလောက်တော့ ရှိတာပေါ့လေ၊ ဒါကို ဇီဇာချဲ့နေစရာ မလိုဘူး ထင်ပါတယ်၊ သင်တန်းပဲလေ သင်တန်းနဲ့ တူရမှာ ပေါ့ မဟုတ်ဘူး လား ဆရာ'

'ဒေါ်သစ္စာ သင်တန်းမပြီးသေးဘူး ပြောင်းလဲလာပါလား'

'မဆိုင်ပါဘူးလေ လူဆိုတာ စဉ်းစားဆင်ခြင်တတ်တဲ့ အတွေးအခေါ်ရှိတာပဲ သစ္စာ စဉ်းစားပြီးမှ ဆုံးဖြတ်တတ်ပါတယ်'

ထိုစဉ် ကြိမ်လိုက်ကာနောက်ကွယ်မှ တိုးတိုးတိတ်တိတ် ရယ်သံလေးများ ထွက်လာသည် ။

ဦးရဲနောင်ကလည်း ဟန့်တားခြင်း မရှိပါ။

'ဆရာ့တပည့်တွေက ဘယ်လိုလဲ'

'ရိုးရိုးတန်းတန်း သူငယ်ချင်းတွေပါ သူတို့ က သည် လိုခေတ်မီတယ် ၊ ပျော်ပျော်ပါးပါး နေတတ်တယ်'

သူ့ဆရာကိုယ်တိုင် အာမခံရဲနေမှ တော့လည်း ခင်သစ္စာအနေဖြင့် မိကျောင်းမင်း ရေခင်းပြစရာ မလိုတော့ပါ။ တကယ်တော့ တရားမဝင်တိတ်တိတ်ပုန်း ဝိုင်းကျူရှင်ပြစားနေသော ဆရာဆရာမများ သည် အမှန်တကယ် သနားစရာကောင်းလေသည် ။ ကျောင်းသားများ ၏ လခစားဘဝကို ရောက်ရှိနေပြီဖြစ်ခြင်းကြောင့် ကျောင်းသားများ ၏ ဆန္ဒကို လိုက်လျောရရှာခြင်းသာ ဖြစ်ပေသည် ။

'ဆရာလည်း အလုပ်ရှိနေတယ်၊ သစ္စာလည်း လိုအပ်တာလေးတွေ စုဆောင်းပြီး စားချင်တာလေးတွေ လုပ်စားဦးမှာ မို့လို့ ပြန်လိုက်ဦးမယ်နော်'

'ကျွန်တော် အလုပ်မရှိပါဘူး'

'ကလေးတွေ စာဖြေနေတယ်လေ'

'ရပါတယ် သည် ကောင်တွေက တော်တယ်'

'သစ္စာလည်း နားချင်လို့ ပါ ဘွားဘွားရေ၊ သြော်.. အခုမှ သတိရတယ် အန်တီကော မတွေ့ပါလား'

'ဈေးသွားတယ်'

ဘွားဘွားတို့ ထွက် လာပြီး…

'မြန်လှချည်လား ပြန်တော့မလား မသစ္စာ'

'ပြန်မယ်လေ ဘွားဘွား လိုအပ်တာလေးတွေ စုဆောင်းရဦးမယ်'

'အမယ်မယ် သူလုပ်တာကျလို့ ဒေါ်ရွှေရေ သစ္စာ ဘာလိုချင်တယ်ဆိုရင် နာရီဂက်အတွင်း အဆင်သင့် ဖြစ်နေပြီလေ'

'ဘွားဘွားကလဲ သွားမယ်နော် အဘွား'

'အေးအေး နောက်လဲ လာလည်နော် မြေး'

'ဟုတ်ကဲ့'

ခင်သစ္စာတို့ မြေးအဘွား ပြန်ခဲ့ကြသည် ။ ခင်သစ္စာ စိတ်ထဲတွင် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်တစ်ရပ်ကို ချလိုက်မိသည် နှင့် တစ်ပြိုင်နက် စိတ်ထဲ၌ လွတ်လပ်ပေ့ါပါးသွားသည် ။

******

အခန်း (၃)

## ၁၉၉၃- ဩဂုတ်လ (၁၅)ရက်

ကသ-၃၉ ကျန်သေးသဖြင့် ခင်သစ္စာတို့ စိတ်ပူနေသည် ။ Out pass ပြန်ပြီး လှည်းတန်းစုရပ်၌ အသင့်စောင့်ဆိုင်းနေသော မထသ ကားများ ပေါ်တွင် သင်တန်းသားများ သည် အိပ်မက်မြို့တော်သို့ ပြန်ရန် အသင့်ရှိ နေကြချေသည် ။

မိုးဖွဲဖွဲလေးသည် ရွာတယ်ဆိုရုံလေး ရွာသွန်းနေသည် ။ ခင်သစ္စာ နောက်ကားများကို လှမ်းကြည့်မိသည် ။ မခင်မြင့် သူငယ်ချင်း မူမူထွေး က သူနှင့်ရွယ်သူ ရုပ်ချင်းဆင်သော လူတစ်ယောက်နား ရပ်ကာ စကား လက်ဆုံ ပြောမကုန်ဖြစ်နေသည် ။ နှစ်ဦးစလုံး၏ မျက်နှာကလည်း မ ကောင်းချေ။ လင်မယားလား ချစ်သူစုံတွဲလားကို ခင်သစ္စာ ခန့်မှန်းကြ ည့်သည် ။ လင်မယားဆိုလျှင်လည်း ချစ်စခင်စညားခါစသာ ဖြစ်ရမည် ဟု တွေးရင်း…

'လူစုံပြီလား'

'ကသ-၃၉ ကျန်သေးတယ်'

ကသ-၃၉ ဆိုပါလား၊ သည် လိုဆိုရင် သက်သတ်လွတ်ဆရာမလေး ရွှေရွှေအေးပေါ့၊ ခင်သစ္စာ စိုးရိမ်သွားသည် ။ သူမသည် ဆီးရောဂါရှိရှာ သည် ။ နှစ်နှစ်ကျော်ကျော် သားလေးတစ်ယောက်ရှိသည် ။ သူမပဲ နေမ

ကောင်း၍ လား၊ သားလေးကပဲ ကပ်နေ၍ လား ဆိုခြင်းကို တွေးမိကာ စိတ်ပူပန်နေမှုလေး ဖြစ်မိသည် ။

နှစ်ပတ်သာ အတူနေအတူစား အတူသွား လာခဲ့ရသော ခင်မင်မှုနှော င်ကြိုးများ သည် နှစ်ကာလ အခွန့်ရှည် သွားနိုင်လေသည် ။

' လာပြီ လာပြီ'

နောက်လှည့်ကြည့်လိုက်သောအခါ ရွှေရွှေအေး၏ နုနယ်ဖြူဆွတ် သော မျက်နှာလေးကို လှမ်းမြင်လိုက်ရမှ စိတ်အေးသွားသည် ။

'ရှီး'

မွန်းလွဲ နှစ်နာရီခွဲတိတိတွင် ကားစတင်ထွက်လေသည် ။

'ဝါး၊ မေမေရေ မေမေ မေမေနဲ့ လိုက်မယ်'

ရွှေရွှေအေး၏ သားငယ် ငိုကြွေးသံသည် ကားနောက်ဆီသို့ လိုက်ပါ လာရာမှ နောက်ပါးတွင် ကျန်ရစ်ခဲ့လေသည် ။

ရူပါကော သူ့ဆယ်လသားအရွယ် သားလေးကို ဒုတိယအကြိမ် ခွဲခွာ မှုအတွက် မည်ကဲ့သို့ ခံစားနေရမည်နည်း။

အမေနှင့် ရင်သွေးများကတော့ သင်တန်းအတွက် ခံစားချက်များ ရှိကြပေလိမ့်မည်။ ညအိပ်ရာဝင်ချိန်တွင် မိခင်ရင်ခွင်ပျောက်သဖြင့် ငိုရှာ မည်လား၊ မိခင်ကရော ရင်ခွင်လစ်ဟာမှုကြောင့် ငိုပေမည်လား၊ မိခင် သောကများကိုတော့ တွေးဆကာ စာနာသနားမိသည် ။ သို့သော် နှစ်ပ တ်ပဲ ကျန်တော့တာပါပဲ။

'ပြည်သူ့ဝန်ထမ်းဆိုတာ ကိုယ်ရေးကိုယ်တာထက် တာဝန်ကို ဦးစား ပေးရသည် ။

ကားထွက်လာသည် နှင့် ထုံးစံအတိုင်း နှစ်ရက်တာ အတွေ့အကြုံကို ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေကြသည် ။

ခင်သစ္စာကလဲ နောက်ကျမှ ရောက်လာသူ ဖြစ်သဖြင့် ခင်ခင်ထွေးနှ င့် လူစုကွဲသွားသည် ။

ခင်ခင်ထွေးသည် ကားနောက်နားသို့ ရောက်နေသည် ။ လင်းထက်နို င် ဝယ်ပေးလိုက်သော ပစ္စည်းများကို ခင်သစ္စာ အိမ်မှာ ပင် ထားခဲ့လိုက် သည် ။

ဒေါ်ခင်မြဝင်းလဲ သူမစီးနင်းရမည့် ကားနံပါတ် ၅ နှင့် လိုက်ခဲ့လေသ ည် ။ မိမိခုံရှေ့မှ နည်းပြ ဒေါ်မြင့်မြင့်မာသည် လည်း အေးဆေးသူပီပီ ငြိ မ်သက်စွာနှင့် လိုက်ပါလာသည် ။

ယာဉ်ထိန်းရဲ မော်တော်ဆိုင်ကယ်နှစ်စီးဖြင့် အေးအေးဆေးဆေး လ မ်းကြောင်း၌ ရပ်နားမှုမရှိဘဲ လိုက်ပါခဲ့နိုင်လေသည် ။

လင်းထက်နိုင် မနေ့က လာလည်သေးသည် ။ အပြန် သူလာကြိုမည် ဟု ပြောသည် ။

ခင်သစ္စာ လက်မခံခဲ့ပါ။

လင်းထက်နိုင်က အပြုံးမပျက်ပါချေ၊ မိမိအပေါ်တော့ အင်မတန် စိ တ်ရှည်သည် ဟု ဆိုရမည်။ သူသည် ရွေးချယ်သင့်သော လူစား၌ ပါဝင် သည် ။ စီးပွားဥစ္စာကို အောင်မြင်စွာ ရှာဖွေနိုင်ပြီး ပျိုတိုင်းကြိုက်သော နှ င်းဆီခိုင် ဖြစ်နေသော လူစားက မိမိအား ဤမျှစိတ်ရှည်လက်ရှည် စော င့်စားနေခြင်းကပင်လျှင် သူ၏ မေတ္တာတရားကို ဖော်ပြနေသည် ။

ခင်သစ္စာ သူချစ်ကို ရှာလိုက်လျှင် ဘဝတစ်သက်တာအရေးအတွက် ရွှေဘုံပေါ်၌ အေးအေးဆေးဆေး အကြောင့်အကြကင်းစွာနှင့် ထားနိုင်

လိမ့်မည် ထင်ပါသည်။

'မသစ္စာ ခေါက်ဆွဲကြော် စားပါဦးလား'

တစ်ဘက်ခုံမှ တင်တင်ရှူက လှမ်း၍ စတီးချိုင့်ကို ကမ်းပေးရင်း ပြောလိုက်သည်။

'စား ရှူ၊ ကိုယ်ခုနကပဲ နေ့လယ်စာ စားလာသေးလို့ '

'ထပ်စားပါ မသစ္စာရဲ့ အများကြီးပဲ'

စားစရာရှိလျှင် ခွဲဝေစားသောက်ကြသည်။ လုပ်စရာရှိလျှင်လည်း ခွဲဝေလုပ်ကြသဖြင့် သင်တန်းဟူသည် ကြောက်လန့်စရာ မဟုတ်ပါချေ။

'တကယ်ပါ ရှူရယ် ဆာရင် ငြင်းမယ့်လူတွေမှ မဟုတ်တာ'

'သည် လိုဆိုရင် ဆာတဲ့ အခါ ပြောနော် တစ်ချိုင့်ရှိသေးတယ်'

'စိတ်ချ စိတ်ချ ပြောမယ်

ကျေနပ်စေရန် ပြောလိုက်ရသည်။ သင်တန်းမှ ဆရာ ဆရာမများ သည် ရိက္ခာ တောင့်တင်းနေလေသည်။

ရှုမောမဆုံးနိုင်သော လယ်ကွင်းပြင်များကို ငေးကြည့်ရင်း လှည်းကူး မြို့လမ်းခွဲ ဖောင်ကြီးလမ်းခွဲသို့ ရောက် လာလေသည်။ လမ်းကြမ်းသဖြင့် ကား၏ မိုင်နှုန်းမှာ လျော့နည်းသွားလေသည်။

မြစိမ်းရောင်ဆင်နေသော လယ်ကွင်းပြင်များ သည် မြန်မာပြည်၏ ရတနာသိုက် ဖြစ်လေသည်။

အမိမြန်မာပြည် ရတနာမြေကြီးကို လူငယ်များ ချစ်မြတ်နိုးလာစေရန် သင်ကြားပေးရန်မှာ ဆရာ ဆရာမများ ၏ တာဝန်ပင်ဖြစ်သည်။

ရဲကားတစ်စီးကို လှမ်းတွေ့လိုက်ပြန်တော့လည်း ဦးမင်းဒင်ကို သ

တိရမိလိုက်သည် ။

မိမိကို လာမတွေ့သော်လည်း ဘွားဘွားတို့ ထံတော့ အားသည့်အချိန် ရောက်လာတတ်သည် ။ အကူအညီလိုလျှင် ဆောင်ရွက်ပေးသွားခဲ့သည် တဲ့ ။

သူပေးသော ပစ္စည်းများကလည်း အမြဲတမ်း အသုံးချနေရသော ပစ္စည်းများ ဖြစ်လေသည် ။

ကြယ်သီးကပြုတ်လျှင် တပ်ရသည် ။ မိုးကာအင်္ကျီက မိုးရွာတိုင်း ဝတ်နေရသည် ။ ဘယ်သွားသွား ကိုယ်နှင့်မကွာ ယူသွားရသည် ။

စွပ်ကျယ်စုတ်ကလေးကလည်း သေတ္တာ၊ ခုတင်ဘောင်တို့ ကို အမြဲသုတ်နေရသည် ။

ဖိနပ်ကိုတော့ ဆေးတစ်ခါတက်ပြီး ရေစပ်စပ် စစ်ရေးပြကွင်းတွင် စစ်ရေးပြသင်တန်း ပြုလုပ်နေရသဖြင့် ရွှံ့တစ်ပိဿာမျှ ကပ်နေလေရာ နေ့တိုင်းမလုပ်နိုင်တော့သဖြင့် ပစ်ထားလိုက်ပြီး သည် အတိုင်းစီးလိုက်သည် ။ အေးရော။

ဦးစိုင်းလိမ်းဆေးက မိုးအေးလာသည့်အခါတိုင်း ဇက်၊ ဗိုက်၊ ခြေသလုံးတို့ ကို ညတိုင်း လိမ်းအိပ်ရသည် ။

လိုအပ်သောပစ္စည်းများကို ပေးသည့် ဦးမင်းဒင်ကို ကျေးဇူးတင်ရသည် ။

ဦးမင်းဒင်နှင့် လင်းထက်နိုင်သည် ခင်သစ္စာ၏ အတွေးချိန်ခွင်ပေါ်တွင် အလေးချိန်တူညီစွာ ရှိနေလေပြီ။ ဘယ်သူမှ အလေးချိန်မသာချေ။

ဦးရဲနောင်ကတော့ အတွေးအိမ်တွင် မေးမှိန်စ ပြုလေပြီ။

မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာ ကိုးကွယ်မှုသည် အများ စုဖြစ်၍ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများ သည် ဗုဒ္ဓဘာသာ၏ ဩဇာသက်ရောက်မှုအောက်၌ ရှိလေသည် ။

မြန်မာ့ယဉ်ကျေးမှု၏ အခြေခံအကျဆုံးမှာ လည်း မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ခြင်း ဖြစ်သည် ။ ထိုသို့ မင်္ဂလာတရားတော်နှင့်အညီ နေထိုင်နိုင်ခြင်းသည် ယဉ်ကျေးသိမ်မွေ့လိမ္မာသူ ဖြစ်လေသည် ။

ဤသည် ကို ဦးရဲနောင်တို့လို လူစားများက ငွေနောက်ကိုသာ သဲသဲမဲမဲလိုက်နေသဖြင့် မြန်မာ့ယဉ်ကျေးမှု အသိတရားခေါင်းပါးနေသောအပြုအမူများကို မေ့လျော့ထားဟန် တူသည် ။

'မသစ္စာ'

'ရှင်'

'မိုးပက်နေတယ်၊ တံခါးနည်းနည်း တွန်းမယ်နော်'

'ဩော်.. ဩော်.. ရပါတယ် တွန်းပါ'

ဩော်.. မိမိအဖြစ်နှယ် မိုးပက်သည် ကိုပင် မေ့လျော့သွားသည့် အဖြစ်ပါလား။

တံခါးကို ဝိုင်းတွန်းပေးလိုက်ရသည် ။ ဒေါင်းဖန်နှင့် ဒေဝူးတို့ သည် တာဝန်ကျေပွန်စွာဖြင့် မြွေလိမ်မြွေကောက်သဖွယ် ယာဉ်ထိန်းရဲနောက်မှ တသီတတန်းကြီး လိုက်လျက်ရှိလေသည် ။

******